# တောက်ပသော ခရစ်စမတ်

**ဝီးဖရက်ပီတာဆင်က သူ၏ ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည့် "ကောင်းကင်တမန်အား ပြန်လည်ဆေးချယ်ခြင်း"တွင် ညစ်ပတ်ပြီး သက်တမ်းကြာမြင့်လှသော အနုပညာ လက်ရာတစ်ခုကို နဂိုအတိုင်း ပြန်လည် ပြင်ဆင်မွမ်းမံခြင်းအကြောင်း ပြောထားပါသည်။**



ကောင်းကင်တမန်က ကောင်လေးတစ်ယောက်၏ လက်ကိုကိုင်ဆွဲထားသော ရုပ်တုငယ်လေးသည် ရှေးဟောင်းပစ္စည်း အရောင်းဆိုင်၏ လျစ်လျူရှုထားသည့် အနောက်ဖက်စင်ပေါ်တွင် ရှိနေပါသည်။ ယင်း ရုပ်တုသည် ကျပ်ခိုးများ ဖုန်များဖြင့် ဖုံးအုပ်နေပြီး ရှုပ်ပွနေသော ဖန်ဗူးများ ပုဂံများနှင့် အဆင်တန်ဆာများအကြားတွင် ပျောက်နေပါသည်။ လူတစ်ယောက်သည် ဆိုင်တစ်ဆိုင်လုံးကိုအကြမ်းဖျင်းလှေ့လာကြည့်ရင်း ထိုရုပ်တုငယ်ကို ရှာဖွေတွေ့ရှိသွားပြီး ကောက်ကိုင်လိုက်ပါသည်။ သူသည် ထိုရုပ်တုကို မေ့ပျောက်ခံရသည့်အဖြစ်မှ ကယ်တင်ပြီး နဂိုအတိုင်းပြန်လည်ဖြစ်လာစေကာ သူ၏ ခရစ်စမတ်အဆင်တန်ဆာများကြား ဂုဏ်ရှိသည့် နေရာတစ်နေရာတွင် ထားပေးရန် စိတ်တွင်းလှုံ့ဆော်မှု ဖြစ်ပေါ်လာခဲ့သည်။

သူ့အိမ်ရှိ မြေအောက်ခန်းအလုပ်ရုံတွင် သူသည် ကောင်းကင်တမန်နှင့် ကောင်လေးကို ဆေးအဖြူရောင် သုတ်လိုက်ပါသည်။ ထို့နောက် ကောင်းကင်တမန်၏ အတောင်ပံနှင့် ကောင်လေး၏ ဆံပင်တို့ကို ဝင်းလက်တောက်ပနေသော ရွှေရောင်ဖြင့် သုတ်လိုက်ပါသည်။ စုတ်ချက်တိုင်းသည် မျက်လှည့်ပြသည့်ပမာ ဟောင်းနွမ်း၍ အညစ်အကြေးများ ဖုံးလွှမ်းနေသော ရုပ်တုငယ်သည် ပျောက်ကွယ်သွားပြီး တောက်ပသော ရုပ်တုအသစ်တစ်ခု ပေါ်လာပါသည်။သူ၏ မျက်စိအရှေ့တွင် ရုပ်တုငယ်သည် တောက်ပရွှန်းစိုပြီး လှပသော ရုပ်တုအဖြစ်သို့ ပြောင်းသွားခဲ့ပါသည်။

ထိုသူက ဆေးသုတ်ရင်း "ဒီဟာက ခရစ်စမတ်အချိန်မှာ လူသားတွေမှာ ဖြစ်တတ်တဲ့အဖြစ်အပျက်ဘဲ မဟုတ်ပါလား?"ဟု စဉ်းစားမိပါသည်။ သူတို့သည် နှစ်တစ်နှစ်၏ ကုန်ဆုံးချိန်ကို ရှုန်းကန်လှုပ်ရှားမှုများကြောင့် ဖုံအလိမ်းလိမ်းနှင့် ရောက်ရှိလာကြသည်။ ထို့နောက် ခရစ်စမတ်က သူတို့၏ ပင်ကိုယ်စရိုက်များအား ချစ်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းတို့ဖြင့် ပြန်လည်ဆေးချယ်ရန် လှုံ့ဆော်မှုကို ပြုပါသည်။

ကောင်းကင်တမန်အား ပြန်လည်ဆေးသုတ်ခြင်းအနုပညာ - ယင်းသည် လူသား၏ ရာသက်ပန်တာဝန်ဖြစ်သည်။ ဖုံမှုန့်များနှင့် အညစ်အကြေးများထဲတွင် ဘယ်သောအခါမျှ မနေပဲ သတ္တိရှိရှိဖြင့် လဲကျသည့်အခါတိုင်းတွင် တစ်ဖန်ပြန်လည်ထဘို့ဖြစ်သည်။

ကောင်းကင်တမန်အား ပြန်လည်ဆေးသုတ်ခြင်း - လူသားသည် သူ၏ အကောင်းဆုံး စံနမူနာ စိတ်ကူးအိပ်မက်များနှင့် ရည်ရွယ်ချက်များ မပျောက်ဆုံးရန်လိုပါသည်။ သူသည် ယင်းတို့ကို အသစ်တဖန်ဖြစ်လာသည့် မျှော်လင့်ခြင်း၏ ဂုဏ်ကျက်သရေဖြင့် တစ်ဖန် ဝင်းပလာစေနိုင်ပါသည်။

ဤဇာတ်လမ်းသည် ကျွန်ုပ်အား ခရစ်စမတ်၌ ဘဝကို အထူးတောက်ပအောင် မည်သို့ဆောင်ရွက်ရမည်ကို သတိပေးနေပါသည်။ ယင်းသည် မေတ္တာနှင့်မျှော်လင့်ခြင်း သတင်းစကားကို သယ်ဆောင်လာသည့် အံ့သြဖွယ်ရာ သူငယ်တော်ဖြင့် အစပြုပါသည်။ မိသားစုများအတွင်းရှိနေသူများအတွက် ၄င်းသည် ပျော်ရွှင်မှုနှင့် တစ်ဦးအပေါ်တစ်ဦး အပြန်အလှန် ချစ်ခင်ရိုင်းပင်းမှုဖြင့် မိမိချစ်သောသူတို့နှင့်အတူတကွ ပျော်ပွဲရွှင်ပွဲ ဆက်လက်ကျင်းပခြင်းဖြစ်သည်။ မိမိတစ်ယောက်တည်းအတွက်သော်၄င်း၊ အခြားသူများအတွက်သော်၄င်း၊ မည်သူ့အတွက်မဆို မိမိတို့သည် သခင်ယေရှုက မိမိတို့အတွက် ပြုလုပ်ပေးခဲ့သောအရာကို ဆင်ခြင်သုံးသပ်ကာ သူပေးခဲ့သော ကောင်းချီးမင်္ဂလာများအတွက် သူ့ကို ကျေးဇူးတင်ခြင်းအားဖြင့် ခရစ်စမတ်ကို ပြည့်စုံစေသည်။

ခရစ်စမတ်သည် ထူးပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ဘုရားသခင်ကတစ်ကမ္ဘာလုံးအဖို့ ပြုပြင်လုပ်ပေးခဲ့သည့်အရာများအတွက်သာမက ကျွန်ုပ်တို့ တစ်ဦးစီအတွက် လုပ်ဆောင်ပေးခဲ့သော အရာများအတွက်ပါ ပျော်ရွှင်ကြသောကြောင့် ဖြစ်ပါသည်။ သူသည် မိမိတို့ကိုယ်ကို မိမိတို့ မပေးနိုင်ခဲ့သော အရည်အသွေးအသစ်များဖြင့် ကျွန်ုပ်တို့အား "ပြန်လည်ဆေးချယ်ခဲ့ပြီး"ဖြစ်သည်။ သူ၏ မေတ္တာကို ကျွန်ုပ်တို့အတွင်း၌ ထားရှိပြီးဖြစ်သည်။ ကောင်းကင်တမန်များ ကတိပေးခဲ့သည့်အတိုင်း သူသည် ကျွန်ုပ်တို့အား ငြိမ်သက်ခြင်းကို ပေးခဲ့ပြီးဖြစ်သည်။ သူသည် ကျွန်ုပ်တို့၏ အပြစ်များနှင့်ပျက်ကွက်ခဲ့မှုများကိုခွင့်လွှတ်ပြီးဖြစ်ကာ ကျွန်ုပ်တို့အား သူ၏ သားသမီးများအဖြစ် လက်ခံသောကြောင့် ကျွန်ုပ်တို့သည် သခင်ယေရှုနှင့် ညီအစ်ကို မောင်နှမများဖြစ်ကြပါသည်။သူ့ကို သိကျွမ်းခြင်းကယူဆောင်လာသော ဝမ်းမြောက်မှုကို ကျွန်ုပ်တို့အားခံစားစေပါသည်။ ကျွန်ုပ်တို့သည်ခရစ်စမတ်အားဖြင့် ပုံသဏ္ဌာန်ပြောင်းလဲခြင်းသို့ ရောက်ကြပါသည်။

- Chole West

ခရစ်စမတ်ချိန်ခါ ကျရောက်လာသော အခါ၊
လူသား၏ ကဏ္ဍာနှင့် လူသားဟာ ပို၍ ကြီးမားကောင်းမွန်လာ။

နှလုံးသားမှ တိုက်တွန်းလှုံ့ဆော်သော အစေခံခြင်းအတွက်၊
သူသည်ပို၍ စိတ်အားထက်သန်လာခဲ့

ထိုအချိန် ခေတ္တပျောက်ကွယ်သွားခဲ့ရသည်မှာ၊
ကျဉ်းမြောင်းသိမ်ဖျင်းသော အတွေးအခေါ်များပါ၊

သူရှာဖွေနေသည့် စစ်မှန်သော ဆုလာဒ်ဟာ၊
ပြုံးရယ်ခြင်း၏ ဘုန်းကျက်သရေပါ၊

ထို့နောက် အခြားသူများအတွက်
သူကြိုးပမ်းလုပ်ဆောင်နေရာ
ကျွန်ုပ်အတွက် သူဟာခရစ်စမတ်မှာ
ဘုရားရှင်သူ့အား ဖြစ်စေချင်ခဲ့သူ
တစ်ဦး ဖြစ်လုနီးပါ။

-Edgar A. Guest